ညလွှမ်းအိပ်မက် (လားရှိုး)

# ပင်လယ်ရေမျက်နှာပြင်အထက် ၂၀၀၆

ခေတ်ပေါ်ကဗျာများ



# ညလွမ်းအိမ်ဟာ ကဗျာဖြစ်တယ်

ကဗျာရဲ့ ရှင်သန်ခြင်းကို ကဗျာဆရာများ ခေတ်အဆက်ဆက် ကြိုးစားနေကြပါတယ်။ ဒါကြောင့်ပဲ ကဗျာဟာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ရှင်သန် နေခြင်းပါ။ ထူးချွန်ထက်မြက်တဲ့ ကဗျာဆရာများ ပေါ်ပေါက်တဲ့ ခေတ်မှာ တော့ ကဗျာရဲ့ အရောင် ပိုမိုလင်းလက်နေပါတယ်။

ကဗျာဆရာများ ဟာ ကဗျာအသစ်သစ်တို့ ကို ဖန်တီးနေကြခြင်းမှာလည်း ကျေနပ်ဖွယ်ဖြစ်ပါတယ်။ အသစ်ဖန်တီးခြင်းဆိုတာ အသစ်ဖြစ်ရင် ပြီးရောဆိုပြီး ဖန်တီးခြင်းမျိုးကို မဆိုလိုပါဘူး။ ကျွန်တော့်အနေနဲ့ အသစ် ဖန်တီးခြင်းဆိုတာ ရှိပြီးသားအရာတစ်ခုထက် ပိုပြီးကောင်းမွန်တဲ့ အရာဖြစ်ဖို့ ရှာဖွေခြင်း၊ စမ်းသပ်ခြင်း၊ တီထွင်ခြင်းလို့ နားလည်ယူဆမိတဲ့ အတွက် ပြောခြင်းဖြစ်ပါတယ်။ ဒီအတွက် ဘယ်ကဗျာအသစ်ဟာ ဘယ်ကဗျာခေတ်ထက် ပိုကောင်းသွားပြီလို့ ပြောနိုင်တဲ့ ပညာရှင် မဟုတ်ပေမယ့်လည်း လင်းလက်တောက်ပတဲ့ ကဗျာအသစ်များ ပေါ်ထွန်းစေလိုတာ ကဗျာအပေါ်ထားတဲ့ ကျွန်တော့်ရဲ့ လောဘ ဖြစ်ပါတယ်။

ပွင့်လင်းမြင်သာမှု အနည်းငယ်ရှိလာခြင်းနဲ့ အရင်ရှိခဲ့တဲ့ အတားအဆီးတစ်ခုကို ဖွင့်ပေးလိုက်ခြင်းက စာပေပန်းပွင့်တွေ ပိုမိုပွင့်လန်းလာတယ်လို့ ယူဆပါတယ်။ (၂၀၁၃)ခုနှစ် တစ်နှစ်အတွင်းမှာ ပဲ ကဗျာစာအုပ်ပေါင်း(၁၀၀)ခန့် ထွက်ရှိခဲ့တာဟာ အားရကျေနပ်စရာပါ။ (၂၀၁၄)ခုနှစ်မှာ ကဗျာစာအုပ်များ အပြိုင်းအရိုင်းထွက်ဖို့ ပြင်ဆင်နေကြကို ဝမ်းမြော

က်ဖွယ် ကြားသိနေ ရပါတယ်။

အမျိုးသမီး ကဗျာဆရာမဖြစ်တဲ့ ညလွမ်းအိမ်လည်း ကဗျာစာအုပ်ထုတ်ဖို့ ပြင်ဆင်နေတာသိရတော့ အံ့ဩဝမ်းသာမိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကဗျာရေးသူ အများ စုထဲမှာ အမျိုးသမီးကဗျာရေးသူဟာ ရာခိုင်နှုန်း အနည်းငယ်ပဲရှိတာမို့ပါ။ ဒီလိုအနည်းငယ်ထဲမှ ဆယ်စုနှစ်တစ်ခုကျော်အောင် ကဗျာအပေါ် ဖက်တွယ်ချစ်မက်နိုင်တဲ့ သူတွေထဲမှာ လည်း ညလွမ်းအိမ်ဟာ ရှေ့တန်းက ပါဝင်နေသူပါ။

ညလွမ်းအိမ်ရဲ့ ကဗျာတွေကို ဖတ်ကြည့်တော့လည်း အမျိုးသမီးကဗျာ ဆရာမဖြစ်ပေမယ့် သာမန် အမျိုးသမီးတစ်ယောက်လို နုနွဲ့နေတဲ့ ကဗျာတွေ သိပ်မတွေ့ရတာ ထူးခြားချက်ပါ။ ခေတ်နဲ့ အပြိုင် တွေးခေါ်နေထိုင်ပြီး ကဗျာ ရေးနေသူလို့ ဆိုချင်ပါတယ်။

တစ်ဦးနဲ့ တစ်ဦး လွတ်လပ်စွာ ကွဲလွဲခွင့်အရ ကြိုက်နှစ်သက်မှုပုံစံ မတူနိုင်ပေမယ့် ကျွန်တော့်ရဲ့ စိတ်ခံစားမှုကို မီးပွင့်စေခဲ့တဲ့ ညလွမ်းအိမ်ရဲ့ ကဗျာအချို့ကို ဖတ်ခွင့်ရခဲ့ပါတယ်။

ညလွမ်းအိမ်ရဲ့ ကဗျာတွေကို ဖတ်ရတဲ့ အခါ ညလွမ်းအိမ်ဟာ အကြောင်းအရာ တော်တော်များများကို ရေးဖွဲ့ထားတာတွေ့ရသလို ကဗျာသစ်ဖန်တီးလိုတဲ့ ကြိုးစားအားထုတ်မှုတွေ ကိုလည်း တွေ့ရပါတယ်။ ပထမဆုံးအနေနဲ့ စာအုပ်ခေါင်းစဉ် အမည်ပေးထားတဲ့ "ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၀၆"ဆိုတဲ့ ကဗျာလေး စဖတ်ဖြစ်ပါတယ်။ မွေးရပ်မြေ တောင်ပေါ်မြို့ ကလေးရဲ့ ညကို ဖွဲ့ထားပုံမှာ နှစ်သက်စရာလေးပါ။

"ညဉ့်ဦးယံတွေ ဖားလျားချကြည့်တော့

နှစ်ပေ လေးပေ မီးချောင်းလေးတွေက

အဖြူရောင် ဆံညှပ်များ သဖွယ်"

ညလွမ်းအိမ်ဟာ ကဗျာရေးရာမှာ စကားလုံးသုံးစွဲပုံ ကြိုးစားအားထုတ်ထားတဲ့ ကဗျာတွေကိုလည်း တွေ့ရပါတယ်။ ဒါဟာ ညလွမ်းအိမ်ရဲ့ ကဗျာအပေါ်မှာ ထားတဲ့ လေးနက်မှုဆိုရမှာ ပါ။

"လူပတ်ဝန်းကျင်ကို အဆင်ပြေစေဖို့

မေတ္တာဆိုတဲ့ စိတ်ရိုက်တုတ်ကို မကြာခဏအဖေပေးတယ်"

"အသက်အရွယ်ခြင်းက

ဟန်ဆောင်မှုတွေ လက်တစ်ကမ်းကွာကျစေတယ်လေ"

**(ခရီးတိုထဲ ဟန်ဆောင်မှု)**

"ဆက်ဆံရေး ကြမ်းပေါက်ကွဲတာ မဟုတ်ဘူး "

**(သီးသန့်ကမ္ဘာ)**

"အထပ်ကလေးကို ခိုးယူခဲ့ဖူးသော ငယ်ဘဝနဲ့

ငယ်ဘဝနဲ့ အထပ်ကလေးကို ခိုးယူခဲ့ဖူးသော"

**(ထပ်ခိုး)**

တောင်ပေါ်မြို့ကလေးက ကဗျာဆရာမလေးဟာ မြို့ပြကို လှမ်းငေးရင်း မွန်းကျပ်မှုတွေဆီ စိတ်ကိုပို့ကာ မျှဝေခံစားပြီး ရေးဖွဲ့ပုံမှာ လည်း ညလွမ်းအိမ်ရဲ့ လူသားဆန်မှုလို့ ဆိုချင်ပါတယ်။

"အသံထွက်ပဲ့မလား စိုးရိမ်နေရတဲ့ ဓာတ်ပြားဟောင်းကြီးလည်း

နား အစာအိမ်လက်သိပ်ထိုးဖို့ ကြိုးဆွဲ ခေါင်းလောင်းရဲ့ အရေးပါမှုကို အသိအမှတ်ပြုခဲ့ရသေး"

**(ငါ့ကိုဆွဲဆောင်နေတဲ့ ငါးလှဲ့မြင်ကွင်း)**

"မျက်နှာချင်းဆိုင်က

ကျောချင်းကပ် သူစိမ်း

ခင်ရာဆွေမျိုးများ သော့ခတ်ထားတယ်

နယ်မြေက

မရှန်းသာ မလွန့်သာကလေး

လူအဖြစ် ကျောက်ရုပ်လို မျက်နှာသေတွေ"

**(ငါးလှဲ့)**

ညလွမ်းအိမ်လည်း လူသားတစ်ယောက်မို့ နှလုံးသားအလိုအရ ရေး လိုက်တဲ့ ကဗျာလေးတွေဟာ နုနွဲ့မှုနည်းပေမယ့် ရိုးရှင်းလှပနေတာ တွေ့ရ ပါတယ်။

"အချစ်ကို လှပအောင် စီးကွင့်မစီတတ်

ပြီးခဲ့တဲ့ ချုပ်ရိုးကြောင်းတွေက ထော်လော်ကန့်လန့်"

**(ပြီးသွားတဲ့ အစာ)**

"ငါ့မှာ သာ

အချစ်ကြောင့်

ချစ်သော ကမ္ဘာမြေကြီးတောင်

ပိုမိုလှပ ပြည့်စုံ လာတော့မလား"

**(ရင်ဗုက်ပန်း)**

"စစ်မြေပြင်မှာ တွေ့ရဲ့ သားနဲ့

ခုမှ

ချုံခိုတိုက်ခိုက်တယ်"

"အချစ်တရားတစ်ပုဒ်ကိုဖြင့်

နှလုံးသားနဲ့ နာပေးဖို့ တဲ့ လား"

**(ဒုတိယမြောက် လက်ခံရရှိစာ)**

ညလွှမ်းအိမ်ဟာ ကဗျာရေးသားခြင်းအတတ်ကို နားလည်နေသူ တစ်ယောက်လို့ ဆိုချင်ပါတယ်။ ကဗျာကို လိမ္မာပါးနပ်စွာ သိုသိပ်ကျစ်လျစ်ပြီး ထိမိတဲ့ အရေးအဖွဲ့မျိုးတွေလည်း တွေ့ရပါတယ်။ ၂၀၄၃၊ လူသိရှင်ကြား စက္ကူရတု၊ နွားကျောင်းသား၊ အထွေထွေအရပ်ရပ်-၁၆ စတဲ့ ကဗျာတွေပေ့ါ။ ဒီထဲက ထူးခြားတဲ့ ကဗျာတွေကတော့ ၂၀၄၃ နဲ့ အထွေထွေအရပ်ရပ်-၁၆တို့ ပါ။ ကဗျာရေးသူဟာ နောင်အနှစ်(၃၀)မှ သူ့အသက် (၆၀)အရွယ်ကိုရောက်ပြီး ဖြစ်လာနိုင်တဲ့ အခြေအနေကို ရေးပြပုံဟာ ကျွန်တော်တို့ ကိုပါ ပစ္စက္ခကနေ ရွှေ့ယူသွားနိုင်ပါတယ်။ နောက်တစ်ပုဒ်ကတော့ ရုံးတွင်းစာအကျဉ်းလို့ အမိပ္ပာယ်ရပြီး ကဗျာဖ

တ်သူတွေနဲ့ နည်းနည်းစိမ်းမယ့် "အထွေထွေအရပ်ရပ်-၁၆"ဆိုတဲ့ ရုံးသုံးဘာသာစကားကနေ အနုပညာ ပစ္စည်းတစ်ခုဖြစ်အောင် ဖန်တီးသွားမှုဟာ ညလွှမ်းအိမ်ရဲ့ အနုပညာကိုယ်ခံ စွမ်းအားကို မြင်ခွင့်ရလိုက်ခြင်းပါ။

ဆက်ဖတ်မိတဲ့ ကဗျာတွေထဲက ကဗျာရေးလက်ခက်ဆစ်၊ ပြောရရင်ဟိုင်းဝေးလမ်းပေါ်က ဆရာလက်စွဲ၊ မင်းလူရဲ့ ခေတ်ပျော်မင်းသမီး၊ ကားဆွဲ၊ တက္ကသိုလ်၊ ကြောင်ကလေးပူစီရဲ့ မေးသားလေးကို ပွတ်ပြီး ရွတ်ဆိုပြတဲ့ ကဗျာတွေကို နှစ်သက်မိသလို၊ အင်တာဗျူး၊ အရောင်အကြောင်းပြောတဲ့ အရောင်၊ ကဗျာဆရာနေညိုအောင်နှင့်တွေ့ဆုံခြင်း၊ ရောင်းအားကောင်းနေဆဲ စတဲ့ ကဗျာတွေကတော့ ညလွှမ်းအိမ်ရဲ့ ရေးဟန်ပြောင်းလဲ လာတာကို တွေ့ရပါတယ်။

မည်သို့ပင်ဖြစ်စေ ကဗျာဆရာမ ညလွှမ်းအိမ်ဟာ ကဗျာရေးနေသူ၊ ကဗျာအသစ်များ ကြိုးစား ဖန်တီးနေသူဖြစ်တဲ့ အတွက် ကဗျာရှင်သန်ရေး၌ တစ်တပ်တစ်အား ပါဝင်နေသူဟု ဆိုလျှင် ကျွန်တော်တို့ မငြင်းနိုင်ပါ။ ဒီထက် ပိုပြောရလျှင် ညလွှမ်းအိမ်ကိုယ်တိုင်သည် ပင် ကဗျာတစ်ပုဒ်ဖြစ်နေကြောင်း ရေးသားရင်း ညလွှမ်းအိမ်တစ်ယောက် ပင်လယ်ရေမျက်နှာပြင်အထက် ၂၀၁၆ မှာ ကဗျာတွေနဲ့ မွေးမြနေပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

**ထွန်းလွင်သွယ်(ဆူးဖြူရိပ်)**

*****

# လက်ရှိချန်ပီယံ

ကျားသားမိုးကြိုးပါဗျာ။ ဒီအသက်ဒီအရွယ်ထိ ကဗျာလုံးချင်း စာအုပ်တစ်အုပ်မှာ အမှာ စာရေးပေးရမယ်လို့ စိတ်တောင်မကူးခဲ့ဖူးပါဘူး။ ကိုယ့်ကဗျာစာအုပ်လေး ထုတ်ဖြစ်ရင်တော့ ဘယ်သူ့ကို အမှာ စာရေးပေးခိုင်းရင် ကောင်းမလဲလို့ ပဲ စဉ်းစားဖူးတာပါ။ အခု ညလွှမ်းအိမ်(လားရှိုး)က မဆက်စဖူး ဖုန်းတွေဆက်ပြီး မလာစဖူး ကျွန်တော်တို့ ဆုံနေကျ "ကမ္ဘာသစ်" ကဖေးကို ရောက် လာပြီး "ကိုမှော်အောင်ကို အမှာ စာရေးခိုင်းမလို့ ။ ရော့... ထည့်မယ့်ကဗျာတွေက ဒါတွေပဲ။ အပုဒ် (၆၀) တိတိ၊ အင့်" ဆိုပြီး တန်းထိုးပေးပါလေရော။

ဘာလဲ၊ ငါက နင့်ကဗျာတွေကို မြှောက်ပေးရမှာ လား၊ ချီးကျူးပေးရမှာ လား ဆိုတော့ "မဟုတ်ပါဘူး။ ကိုမှော်အောင် ကြိုက်သလိုရေးပေါ့၊ အမြင်ကို အမြင်အတိုင်း ရေးရင်ရပါပြီ"လို့ ဆိုတယ်။ သူက "ကိုထွန်းလွင်သွယ်(ဆူးဖြူရိပ်) ကိုတော့ ရေးခိုင်းထားပြီးပါပြီ။ နောက်တစ်ယောက်ကို စဉ်းစားတော့ ကိုယ့်မြို့က၊ ကိုယ့်လရောင်လမ်းချိုးအဖွဲ့ထဲက ကိုယ့်အစ်ကိုလိုဖြစ်တဲ့ ၊ တစ်ယောက်ယောက်ကို အမှတ်တရရေးခိုင်းရင် ကောင်းမယ်လို့ စဉ်းစားမိတာ။

အဲဒီည အခန်းထဲပြန်ရောက်တာနဲ့ ကဗျာတွေ မြည်းကြည့်လိုက်ပါတယ်။ ပုံနှိပ်ဖော်ပြပြီးသားကို အပုဒ်(၄၀)။ ပုံမနှိပ်ရသေးတဲ့ အသစ်လို့ ဆိုရမယ့် အပုဒ်(၂၀)ပုဒ်တိတိ။ ဒါတောင် (၂၀၀၆)ခုနှစ် ရှေ့ပိုင်းက ပုံနှိပ်

ဖော်ပြပြီးသား အပုဒ်(၂၀)လောက် ချန်ထားခဲ့တယ်လို့ သိရတယ်။

(၂)

ဒါနဲ့ နှစ်ရက်သုံးရက်လောက် ယောင်ဝါးဝါးလုပ်နေပြီးမှ ကဗျာတွေကို ထပ်ဖတ်ကြည့်လိုက်တယ်။ ဒီတော့မှ ကဗျာအပေါ် စူးစိုက်မှုအားကောင်းတာရယ်၊ အတွေးတွေ လတ်ဆတ်တာရယ်၊ ခေါင်းစဉ်တွေကို ဖြစ်သလိုမပေးဘဲ တစ်ပုဒ်ချင်းစီရဲ့ ညီညွတ်ပြည့်စုံမှုကို အားပြုထားတာကို တွေ့ထိ ခံစားမိပါတော့တယ်။

ကျွန်တော်ကိုယ်တိုင်ကလည်း ကဗျာတစ်ပုဒ်ကို ဖတ်ရှုခံစားတာပဲ ဖြစ်ဖြစ်၊ ရေးဖွဲ့ ဖန်တီးတာပဲ ဖြစ်ဖြစ်၊ တည်ဆောက်မှု အဆင်ဒီဇိုင်းကို လေ့လာတာပဲဖြစ်ဖြစ် တစ်ခုလုံးကို (တစ်ပုဒ်လုံးကို) ခြုံငုံကြည့်တတ်တဲ့ အစွဲရှိပါတယ်။ ဘယ်အပိုဒ်လေးကိုတော့ ကြိုက်တယ်ကွာ၊ ဘယ်စကားလုံးကတော့ မိုက်တယ်ကွာဆိုပြီး သူငယ်ချင်းတချို့က ကျွန်တော့်ကဗျာတချို့ကို ခုတ်ထစ် လှီးဖြတ်ပြောတဲ့ အခါတိုင်း ကျွန်တော် စပ်ဖျဉ်းဖျဉ်းခံစားခဲ့ရပါတယ်။ အခု ညလွမ်းအိမ်ရဲ့ ကဗျာတွေဟာ သီခြားခွဲထုတ် ညွှန်းစရာမလိုဘဲ ပြည့်စုံညီညွတ်မှု ရှိတဲ့ ကဗျာတွေပါပဲ။

သူဟာ သူ့ရဲ့ ကိုယ်ပိုင်ဘဝပုံရိပ်တွေကို ဖော်ကျူးတတ်သလို၊ သူ့ပတ်ဝန်းကျင်က သူကျင်လည်ရာ လောက အဝန်းအဝိုင်းထဲက မြင်ရကြုံရတာကိုလည်း ကဗျာအဖြစ် ပြောင်းလဲနိုင်စွမ်းခဲ့ပါတယ်။ မေတ္တာတရားကို ဖွဲ့ဆိုရာမှာ တော့ မိခင်မေတ္တာနဲ့ မိသားစုမေတ္တာတွေကို နင့်နင့်နဲနဲ ဖော်ပြနိုင်ပြီး၊ လူငယ်တစ်ယောက်အတွက် မကင်းနိုင်တဲ့ (အချစ်)ကို တို့ထိထားရာမှာ တော့ မထင်မှတ်တဲ့ ရှုထောင့်နဲ့ ရင့်ကျက်စပြုနေတဲ့ မိန်း

ကလေးတစ်ယောက်ရဲ့ နှလုံးသားကို တွေ့ရမှာ ဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းထဲက လူမှုဆက်ဆံရေး ကမောက်ကမဖြစ်မှုကို ခပ်ရွဲ့ရွဲ့ ရင်ဆိုင်ထားသလို ခေတ်ပြိုင်အခြင်းအရာထဲက နိုင်ငံရေးချဉ်းကပ်မှုပါတဲ့ ခပ်ပါးပါး ကဗျာတချို့တလေကိုလည်း တင်ဆက်ထားတာ သတိပြုမိပါတယ်။

နက်နက်ရှိုင်းရှိုင်းကြီး မဟုတ်ပေမယ့် သူ့အဖွဲ့တွက်ကို သူကိုယ်တိုင် သရော်တော်တော်မြင်ပုံရပြီး ခေတ်နဲ့ ခေတ်ထဲက လူတွေကို ရယ်စရာဟာသအဖြစ် ကြိုးစား ပုံဖော်ထားတာကိုလည်း ဖတ်ရပါတယ်။

အိမ်နီးချင်း စူပါပါဝါနိုင်ငံရဲ့ စီးပွားရေးလွှမ်းမိုးမှုကို အခြေခံ လူတန်းစားရှုထောင့်ကနေ တွန်းလှန်ပြသလို လူလတ်တန်းစားတစ်ယောက်ရဲ့ အလုပ်အကိုင်ရှာဖွေမှု ခက်ခဲရပုံ အကြောင်းလည်း မမေ့မလျော့ ခံစားပြပါတယ်။

ကဗျာဆရာအဖြစ် ရွေးချယ်ဖြတ်သန်းမှုနဲ့ ကဗျာအပေါ် ယုံကြည်စိတ် ပြင်းပြမှုကိုလည်း ကဗျာတွေနဲ့ ပဲပြန်လည် ထင်ဟပ်ပြထားပြီး ခေတ်ပြိုင် ကဗျာဗေဒကို ပစ်ပယ်သူမဟုတ်ကြောင်း စိတ်ကူးအဓိက အားပြုတည်ဆောက်ထားတဲ့ ကဗျာတချို့လည်း ပါဝင်လာခဲ့ပါတယ်။

(၃)

ဘာပဲဖြစ်ဖြစ် မြန်မာပြည်မှာ ရှားပါးစာအုပ်စာရင်းဝင် အမျိုးသမီးကဗျာဆရာတွေထဲက တစ်ယောက်အဖြစ်သူ့ကို ဆက်လက် တွေ့မြင်နေရမယ် ဆိုတာကတော့ မြေကြီးလက်ခတ်မလွဲပါ။ ဆရာသစ္စာနီကတော့

'အိန္ဒြာ' ကို မြန်မာပြည်ရဲ့ ဂျူးအော့အတ်လို့ တင်စားခဲ့ပါပြီ။ ကျွန်တော် တစ်ယောက်တည်းရဲ့ အမြင်ကတော့ ညလွမ်းအိမ်ဟာ(အနည်းဆုံး) လားရှိုးမြို့ရဲ့ 'လရောင် လမ်းချိုး' ရဲ့ ကဗျာ လက်ရှိချန်ပီယံလို့ ဆိုလိုက်ချင်တာပါပဲ။

(လေးစားလျက်)

မော်အောင်

မြင်ကွင်းကျယ်

ငါးမျှားချိတ်ကို သိတဲ့ ငါးတစ်ကောင်

အိပ်မက်မက်မှာ ကို မလိုလားသူက

ခုချိန်မှာ

ညသန်းခေါင်ထထိုင်တတ်တယ်။

ဒီရေဘယ်လောက်တက်တက်

သူ့ဘာသာသူ

ပြန်ငြိမ်သက်နေသော ပင်လယ်တစ်ခု

နှလုံးသားက လူသူမရှိတဲ့ ကျွန်းတစ်ကျွန်းလို

ဟာလာဟင်းလင်း။

ငါ့ကိုယ်ငါ အစိမ်းသက်သက်နေကြည့်တာ

နေသားတကျ စိတ်တွေပြန်ရတော့

ခေါင်းစဉ်က ပေ့ါပေ့ါပါးပါး

စိတ်ချမ်းသာရတယ်။

ဝေးဝေးတောင်သွားမထားရသေးဘူး

အချစ်ဘေးက ခပ်ခွာခွာရပ်နေရုံ။

**သောင်းပြောင်းထွေလာ၊ ၂၀၀၆၊ ဇန်နဝါရီ**

***